ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊စဘ/ဘဏ္ဍာ-၁/၂/၁၀-၁(၈၁၈/ ၂၀၁၇)
ရက်စွဲ ၊ ၂ ၀ ၁ ၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်

အကြောင်းအရာ။ **အထူးပင်စင် လျှောက်ထားခြင်း / ခွင့်ပြုခြင်းကိစ္စ**

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၅၅ တွင် **"အထူးပင်စင် ခံစားခွင့်ပြုခြင်းကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ခွင့်ပြုပိုင်ခွင့် လွှဲအပ်ထားသည့်အဖွဲ့ကသာ ခွင့်ပြုနိုင်သည်။ အထူးပင်စင်ခွင့်ပြုရေးတွင် ဝန်ထမ်းဘက်မှ တာဝန်ပျက်ကွက်မှု သို့မဟုတ် ပေါ့ဆမှု၏ အတိုင်းအတာကို ထည့်သွင်းစဉ်းစားရမည်"**ဟု ပြဋ္ဌာန်းထားပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၇၁ တွင် **"အထူးပင်စင် သို့မဟုတ် မိသားစု အထူးပင်စင် တောင်းခံရန်အကြောင်း ပေါ်ပေါက်သည့်အခါတွင် အနာတရဖြစ်သည့် ဝန်ထမ်း သို့မဟုတ် သေဆုံးသည့် ဝန်ထမ်းတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းအဖွဲ့အစည်းသည် အထူး ပင်စင်တောင်းခံလွှာကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းထံသို့ အဆိုပြုပေးပို့ရမည်"**ဟု ပြဋ္ဌာန်းထား ပါသည်။

၃။ အထူးပင်စင် အကျိုးခံစားခွင့်များ ရရှိရေးအတွက် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများ က သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ ညှိနှိုင်းလာခြင်း အပေါ် အောက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန နှင့် ပင်စင်ဦးစီးဌာနတို့၏ သဘောထား မှတ်ချက်ရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့ အစည်းများသို့ သဘောတူခွင့်ပြုကြောင်း ပြန်လည်ပေးပို့ခြင်း။

(ခ) သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများက ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၏ ခွင့်ပြုချက်နှင့် အတူအထူးပင်စင် အမှုတွဲအား ပင်စင်ဦးစီး ဌာနသို့ ပေးပို့လာပါက လက်ခံ၍ အထူးပင်စင်ခံစားခွင့်ပြုပေးခြင်း။

၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊နည်းဥပဒေ၂၅၅အရ အထူးပင်စင် ခံစားခွင့်ပြုခြင်းကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ခွင့်ပြုပိုင်ခွင့် လွှဲအပ်ထားသည့် အဖွဲ့ကသာ ခွင့်ပြုနိုင်သဖြင့် **သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်** အထူးပင်စင် အမှုတွဲကို အခြား လုပ်သက် ပင်စင်အမျိုးအစားများ ဆောင်ရွက်သကဲ့သို့ ပင်စင်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ပါက ယခင်ကထက် **ပင်စင်စားများ၏ ပင်စင်အကျိုးခံစားခွင့်များ မြန်ဆန်စွာ ခံစားခွင့်ရှိလာမည်** ဖြစ်ပြီး မလိုလားအပ်သော လုပ်ငန်းစဉ်များ လျော့ကျနိုင်မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ရာ အထူးပင်စင်ခွင့်ပြုခြင်းနှင့်ပတ်သက်၍နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ ဆောင်ရွက် ပါ က အောက်ပါလုပ်ငန်းစဉ်များ လျော့နည်းသွားမည် ဖြစ်ပါသည်-

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာန၏ အဆိုပြု ချက်အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ခြင်း။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ပင်စင်ဦးစီးဌာနသို့ အထူးပင်စင်လစာနှင့် ဆုငွေ မည်မျှရသင့်ကြောင်း စာရင်းစစ်အစီရင်ခံစာ တောင်းခံခြင်း။

(ဂ) ပင်စင်ဦးစီးဌာနမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ အထူးပင်စင်နှင့်ဆုငွေ ရခွင့် ရှိသည်များကို တွက်ချက်ပြီး စာရင်းစစ်အစီရင်ခံစာ ပြန်လည်ပေးပို့ ခြင်း။

(ဃ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန မှ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တင်ပြခြင်း။

(င) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ပင်စင်ဦးစီးဌာနသို့ အထူးပင်စင်နှင့်ဆုငွေ ခွင့်ပြု ပေးရန်အမိန့်နှင့် အမှုတွဲပေးပို့ခြင်း။

၆။ အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအတွက် အောက်ပါအတိုင်း လုပ်ငန်းဆောင်ရွက်ချိန် အနည်းဆုံး (၉) ရက် လျော့နည်းသွားမည် ဖြစ်ပါသည်-

(က) သက်ဆိုင်ရာဌာန အဖွဲ့အစည်းမှ သက်ဆိုင်ရာဝန်ကြီးဌာနသို့ (၁) ရက် အဆိုပြု တင်ပြခြင်း။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (၁) ရက်
သို့ အဆိုပြုတင်ပြခြင်း။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရသုံးမှန်းခြေငွေစာရင်း (၁) ရက်
ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနများသို့ သဘောထားမှတ်ချက်
တောင်းခံခြင်း။

(ဃ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့်ပင်စင်ဦးစီးဌာနမှ (၁) ရက်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်
တင်ပြခြင်း။

(င) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာန (၁) ရက်
သို့ သဘောထားမှတ်ချက် ပြန်ကြားခြင်း။

(စ) သက်ဆိုင်ရာဝန်ကြီးဌာနမှသက်ဆိုင်ရာဌာန/အဖွဲ့အစည်းသို့ (၁) ရက်
ခွင့်ပြုမိန့်ချမှတ်ခြင်း။

(ဆ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ပင်စင်ဦးစီးဌာနသို့ စာရင်းစစ် (၁) ရက်
အစီရင်ခံစာ တောင်းခံခြင်း။

(ဇ) ပင်စင်ဦးစီးဌာနမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စာရင်းစစ် (၁) ရက်
အစီရင်ခံစာပေးပို့ခြင်း။

(ဈ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ပင်စင်ဦးစီးဌာနသို့ ခံစားခွင့် (၁) ရက်
ပြုရန် အကြောင်းကြားခြင်း။

၇။ သို့ဖြစ်ပါ၍ အထူးပင်စင် ခွင့်ပြုခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါကြောင်း ညွှန်ကြားအကြောင်းကြားအပ်ပါသည်-

(က) အထူးပင်စင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းသည် ပင်စင်ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို တိုက်ရိုက်ရယူဆောင်ရွက်ရန်။

(ခ) ပင်စင်ဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆိုပြုတင်ပြရန်။

(ဂ) သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် အမှုတွဲပြင်ဆင်၍ ပင်စင်ဦးစီးဌာနသို့ ပြန်လည် ပေးပို့ဆောင်ရွက်ရန်။

၈။ မရှင်းလင်းသည့်အချက်များ၊ ထပ်မံမေးမြန်းလိုသည့်ကိစ္စရပ်များ ရှိပါက ပင်စင်ဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း-၀၆၇-၃၄၁၀၄၁၈ ၊ ၀၆၇-၃၄၁၀၅၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ပင်စင်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းအားလုံး

ရုံးလက်ခံ

မျှော